**တအာင်းအရပ်ဖက်အဖွဲ့အစည်းများကွန်ရက်**

**PSLF/TNLA နှင့် MNTJP/MNDAA တပ်ဖွဲ့များအနေဖြင့် လူထုအပေါ် ဦးတည်တိုက်ခိုက်မှု မပြုလုပ်ရန်**

**မေတ္တာရပ်ခံပန်ကြားခြင်း**

**စာအမှတ် (၀၁/၂၀၂၆)**

**ရက်စွဲ။ ။ ၂၄ ရက်၊ ဖေဖော်ဝါရီလ၊ ၂၀၂၆ ခုနှစ်**

၁။ PSLF/TNLA နှင့် MNTJP/MNDAA တပ်ဖွဲ့တို့သည် စစ်အာဏာရှင်စနစ်ပြုတ်ကျရေး၊ တိုင်းရင်းသားလူမျိုးများ အဖိနှိပ်ခံဘဝမှ လွတ်မြောက်ရေးနှင့် သက်ဆိုင်ရာနယ်မြေအသီးသီးရှိ ပြည်သူလူထုများအား ကာကွယ်ရေး စသည့် ရည်မှန်းချက်အသီးသီးဖြင့် တော်လှန်တိုက်ပွဲဝင်ခဲ့သည့် တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများဖြစ်သည့်အလျောက် မဟာမိတ်လုပ်ငန်း ပူးပေါင်းဆောင်ရွက်နေကြသည်ကို တွေ့မြင်ရသည်မှာ ဝမ်းသာဂုဏ်ယူ ဝမ်းမြောက် မိပါသည်။ ထိုသို့ တော်လှန်ရေးတိုက်ပွဲများအတွင်း သွေးချွေးများစွာ ပေးဆပ်ခဲ့ပြီး ကျဆုံးခဲ့ရသည့် အာဇာနည်ရဲဘော်၊ သူရဲကောင်းများ အားလုံးကိုလည်း အစဉ်လေးစားလျှက် ဂုဏ်ပြုဦးညွတ်ပါသည်။

၂။ ၁၀၂၇စစ်ဆင်ရေးနောက်ပိုင်း PSLF/TNLA ထိန်းချုပ်သည့် ရှမ်းမြောက် ကွတ်ခိုင်မြို့တွင် PSLF/TNLA နှင့် MNTJP/MNDAA တို့အကြား ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်နေ့မှ စပြီး မြေပြင်တွင် တင်းမာမှုဖြစ်ပွားခဲ့သည်မှာ တစ်ပတ်ကျော်ကြာခဲ့ပြီဖြစ်သည်။ တစ်ပတ်အတွင်း တပ်ဖွဲ့နှစ်ဖွဲ့အကြား တင်းမာမှုဖြစ်နေပြီး အပြန်အလှန်ရိုက်နှက်မှုကြောင့် နှစ်ဖက် တပ်ဖွဲ့ဝင်များ ထိခိုက်ဒဏ်ရာရခြင်း၊ တပ်ဖွဲ့ဝင်ချင်း ဖမ်းဆီးထိန်းသိမ်းခြင်းများစသည့် ရန်လိုမှုအပြုအမူများ ဖြစ်ပွားနေသည်ကို သိရှိရသည်မှာ များစွာ စိတ်မကောင်းဖြစ်ရပါသည်။

၃။ တပ်နှစ်ဖွဲ့ကြား အငြင်းပွားမှုနောက်ဆက်တွဲအနေဖြင့် တင်းမာမှုအကြား မြေပြင်ရှိ ပြည်သူလူထုများသည် ကြားညှပ်ပြီး ဓားစာခံအဖြစ် ခါးစည်းခံရလျှက်ရှိသည်။ နောက်ဆက်တွဲပြဿနာကြောင့် လူထုအား ပစ်မှတ်ထား ရိုက်နှက်ခြင်း၊ ဖမ်းဆီးခြင်း၊ ဖြတ်သန်းသွားလာခွင့် ကန့်သတ်ခြင်း၊ ကုန်စည်စီးဆင်းမှု ပိတ်ဆို့တားဆီးခြင်း စသည့် လူထုအား ပစ်မှတ်ထား လက်စားချေမှု၊ ရန်လိုမှုများ ပြုလုပ်ပြီး အွန်လိုင်းစာမျက်နှာများတွင်လည်း အမုန်းစကားဖြန့်ဝေခြင်း၊ မဟုတ်မမှန် ဓာတ်ပုံ/ဗီဒီယိုများ အသုံးချကာ သွေးခွဲခြင်းစသည့် လူမျိုးရေးပဋိပက္ခ အသွင်ဆောင်သည့် ပြဿနာဖန်တီးနေသည့် အပြုအမူများနှင့် လူထုအပေါ် အကြမ်းဖက်မှုများ ဖြစ်ပွားလျှက်ရှိသည်ကို တွေ့မြင်နေရပါသည်။

၄။ သို့ဖြစ်ပါ၍ MNTJP/MNDAA နှင့် PSLF/TNLA တို့သည် ပြည်သူလူထုအား ကာကွယ်ရန် လက်နက်ကိုင်လမ်းစဉ်ဖြင့် တော်လှန်တိုက်ပွဲဝင်ခဲ့သည့်အလျောက် မဟာမိတ်တပ်ဖွဲ့ချင်း ဖြစ်ပွားနေသည့် ပြဿနာများကို ပြည်သူလူထုအပေါ် ပုံချကာ ရန်လိုခြင်း၊ ဖမ်းဆီးရိုက်နှက်ခြင်း၊ သွားလာခွင့်ပိတ်ပင်ခြင်း၊ ကုန်စည်သယ်ဆောင်ခွင့်တားဆီးခြင်းနှင့် လုထုအား အကြမ်းဖက်ခြင်းများ မပြုလုပ်ရန် တောင်းဆိုအပ်ပါသည်။ MNTJP/MNDAA နှင့် PSLF/TNLA တပ်ဖွဲ့အကြား ဖြစ်ပွားနေသည့် အငြင်းပွားမှုများကို ဆွေးနွေးညှိနှိုင်းမှု လမ်းစဉ်ဖြင့် မဟာမိတ်ချင်း အမြန်ဆုံးပြေလည်မှုရရှိနိုင်ရေး ဖြေရှင်းကြပါရန် တအာင်းအရပ်ဖက်အဖွဲ့အစည်းများ ကွန်ရက်-TCSN မှ အလေးအနက်ထား တိုက်တွန်းအပ်ပါသည်။

(၁) တအာင်းကျောင်းသားနှင့် လူငယ်များအဖွဲ့ - TSYU

(၂) တအာင်းအမျိုးသမီးအဖွဲ့အစည်း - TWO

(၃) တအာင်းဥပဒေအထောက်အကူပြု ဖောင်ဒေးရှင်း - TLAF

(၄) တအာင်းကျန်းမာရေးအဖွဲ့အစည်း - THO

(၅) တအာင်းသဘာဝပတ်ဝန်းကျင် စောင့်ကြည့်ရေးအဖွဲ့ - TEWG

(၆) တအာင်းပညာရေးအင်စတီကျူ့ - TEI